
လမ်းတစ်ဝက် တစ္ဆေ
လျှပ်ပန်းအိမ်
(လာရှိုး)

# ( ၁ )

ကျွန်ုပ်တို့ နေထိုင်ရာ ဤလူ့လောကကြီးတွင် ဖြစ်၏။ ထိုလူ့လောကကြီး ထဲတွင် ပင် ကျွန်ုပ်တို့ လူသားတွေ သတ်မှတ်ထားသော အရာနှစ်ခု အကြောင်းကို ဦးစွာ ပြောပြလိုပေသည် ။ ထိုအရာ နှစ်ခုကား မြင်အပ်သော အရာနှင့် မမြင်အပ်သောအရာ ဟူ၍ ပင်။ မြင်အပ်သော အရာများသည် ကား ထွေထွေထူးထူး ပြောပြ နေရန်ပင်မလို မျက်စိဖြင့် မြင်နေတွေ့နေ ရသော အရာများ သည် မြင်အပ်သောကြောင့် မြင်တွေ့နေရခြင်း ဖြစ်လေ၏။ သို့သော် မမြင်အပ်သော အရာများကို ပြောရမည် ဆိုရင်ဖြင့်တော့ မျက်စိဖြင့် မမြင်တွေ့နိုင်သော အရာ မမြင်နိုင်သော အရာများ သည် မမြင်အပ်သော အရာများ ပင်။ ထိုမမြင်အပ်သော အရာများထဲမှ ကျွန်ုပ်တို့ လူသားတွေ စိတ်ဝင်စားသော အရာတစ်ခုလည်း ရှိလေ၏။ ထိုအရာကား အခြားတော့ မဟုတ် သာမန်လူတို့ မျက်စိဖြင့် မမြင်နိုင်သော နာနာဘာဝ အမှောင့် ပယောဂ သားများ ပင် ဖြစ်လေပါတော့၏။

နာနာဘာဝ တစ္ဆေ သရဲ ဖုတ် အစရှိသဖြင့် အပါယ်ဘုံသား ပရလောက သားများကို လူသားတိုင်း မနှစ်မြို့ကြ သလို ကြောက်ရွံ့ကြလေ၏။ ထိုတစ္ဆေသရဲ များ ၏ အမှတ်မထင် ခြောက်လှန့်မှု များကြောင့် ဒုက္ခရောက် ကြရသော လူများ သည် လည်း လောကတွင် ဒုနှင့် ဒေးပင်။ ကျွန်ုပ်တို့ သာမန် မျက်စိဖြင့် မမြင်နိုင်နိုင်သော ထို နာနာဘာဝ များ သည် နေ

ရာမျိုးစုံ ဒေသ မျိုးစုံတွင် ကျင်လည်ကျက်စား နေလိမ့်မည်မှာ အမှန်ပင်။ ကျွန်ုပ်တို့ မမြင်အပ်သော ကြောင့် သာ မမြင်နိုင်သော်လည်း စာဖတ်သူ သင့်အနီးတွင် လည်းကောင်း ထိုအပါယ်ဘုံသားများ ရှိကောင်း ရှိနေမည်မှာ မလွဲပင်။ လူသားတွေသည် တစ္ဆေသရဲဟု အလွယ်ပင် ခေါ်ဝေါ် သုံးနှုန်း နေကြသော်လည်း ထိုတစ္ဆေနှင့် သရဲအကြားမှ ကွဲလွဲချက်လေး အချို့လည်း ရှိပေသည် ။ ဦးစွာဖြင့် ပြောရမည် ဆိုသော် သရဲကို အင်္ဂလိပ်လို ပြောမည် ဆိုပါက (Ghost) ဟု အဓိပ္ပာယ်ရ၏။ ထိုသရဲများသည် လူသားများကို ထိခြင်း ကိုင်နိုင်ခြင်းများ မပြုလုပ်နိုင်။ တချို့ တချို့သော ဝတ္ထုများ ဇာတ်လမ်းများ ထဲတွင် ကုပ်ချိုးသတ်သည် ဟူ၍ ဖတ်ဖူးကောင်း ဖတ်ဖူးပေလိမ့်မည်။ ထိုအရာသည် သရဲမဟုတ်ပေ။ သရဲများ သည် လူသားတို့ အား ကိုယ်ထိလက်ရောက် ဒုက္ခမပေး နိုင်ကြပေ ။ သရဲများ ၏ တန်ခိုးသဒ္ဓိများ မှာ တော့ လူသား များအား ကိုယ်ယောင်ပြ ခြောက်လှန့်ခြင်း ကိုယ်ယောင်ပြကာ အမျှ တောင်းခြင်း အစရှိသည် တို့ ကိုသာ လုပ်ဆောင် နိုင်လေ၏။

သို့သော် တစ္ဆေဆိုသည် က ထိုသို့ မဟုတ်ပေ။ တစ္ဆေအား အင်္ဂလိပ်လို (Devil)ဟု ခေါ်ဝေါ် သုံးနှုန်းကြ၏။ ထိုတစ္ဆေများကတော့ (Ghost) ဟု ခေါ်သည့် သရဲများ နှင့် ဆန့်ကျင်ဘက်ပင်။ ၎င်းတို့ ကား အရာဝတ္ထုများ ကို တွန်းနိုင် ရွှေ့နိုင်ကြသလို လူသားများကိုလည်း ကိုယ်ထိလက်ရောက် ဒုက္ခပေးနိုင် ကြလေ၏။ ဥပမာအားဖြင့် ဆိုရသော် ကားမောင်းနေစဉ် ကားစတီယာရင်ကို ဆွဲလှည့်ခြင်းများ ရေကူးနေစဉ် ရေထဲမှ ခြေထောက် ဆွဲခြင်းများ အိပ်ရာပေါ်မှ ဆွဲချခြင်းများ စသည် တို့ ကို လုပ်ဆောင်နိုင်သော ပရလောက သားများ သည် တစ္ဆေများ ပင် ဖြစ်လေ၏။ ဤသို့ဆိုလျှင် တစ္ဆေများ သည် သရဲများ ထက် လွန်စွာမှ ပင် ကြောက်ဖို့ ကောင်းလှပေ၏။ လူသားများကို အသက် ဆုံးရှုံးနိုင်သည် အ

ထိ ဒုက္ခပေးနိုင်သော အရာများ သည် တစ္ဆေပင် ဖြစ်လေ၏။ ထို့ကြောင့် သရဲခြောက် ခံရခြင်းနှင့် တစ္ဆေခြောက်ခံ ရခြင်း၏ ကွဲလွဲမှုကို စာဖတ်သူတို့ လည်း အနည်းငယ် နားလည် သဘောပေါက်ကြ လိမ့်မည်ဟု မျှော်လင့် ရပါသည် ။

***